EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

မေ့အသံ


အတွဲ(၁)၊ အမှတ်-၄ | လစဉ်သတင်းလွှာ | စက်တင်ဘာ ၁၁ ရက်၊ ၂၀၁၉

# ဖွဲ့စည်းပုံပြင်ဆင်ရေးအစီရင်ခံစာအပေါ် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေ **ဘာတွေဆွေးနွေးခဲ့ကြလဲ**

**ဇူလိုင် ၃၀၊ ၂၀၁၉**

လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီ (၁၄)ခုမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပြင်ဆင်ရေးပူးပေါင်းကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အစီရင်ခံစာကို လွှတ်တော်သို့တင်သွင်းခဲ့သည်။ ယင်းအစီရင်ခံစာတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန် စုစုပေါင်း (၃၇၆၅) ချက် ပါရှိသည်။

ယင်းအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များသည် ဇူလိုင်လ (၃၀) ရက်နေ့ကစပြီး ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးခဲ့ကြသည်။ လွှတ်တော်ကိုယ်စားလှယ် (၄၅) ဦး ဆွေးနွေးခဲ့ပြီး အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် (၄) ဦး ပါဝင်ဆွေးနွေးခဲ့သည်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများကို တစ်စုတစ်စည်းတည်း ကောက်နုတ်ဖော်ပြလိုက်ပါသည်။




ဤလစဉ်သတင်းလွှာကို အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးသုတေသနစင်တာ (IDRC) ၏ ကူညီထောက်ပံ့မှုဖြင့် ထုတ်ဝေပါသည်။ သတင်းလွှာကို အခမဲ့ရယူနိုင်ရန် shweshwe.kyinhlaingg@gmail.com သို့ ဆက်သွယ်နိုင်ပါသည်။

၀၉-၄၂၀၀၀၆၁၁၃ | info@emref.org | www.emref.org | www.facebook.com/emrefmyanmar


ဓာတ်ပုံ-Pyidaungsu Hluttaw

**ဒေါ်ခင်ဆွေလွင်**
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ် (၉)

## နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတွေရရှိဖို့ ဆောင်ရွက်ခြင်းဖြစ်လို့ အစီရင်ခံစာကို အလေးအနက် ထောက်ခံတယ်

ဒီမိုကရေစီစနစ်ရဲ့အဓိကမဏ္ဍိုင်မှာ နိုင်ငံသားများရဲ့အခွင့်အရေးများနဲ့ တန်းတူရေးပဲဖြစ်ပါတယ်။ နိုင်ငံတော်သီချင်းမှာပါသလို တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တန်းတူညီမျှခြင်းတွေမရှိသမျှ ကာလပတ်လုံး ဒို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတာ စာအုပ်ထဲမှာပဲရှိနေပြီးတော့ လက်တွေ့မြေပြင်မှာ ညီအစ်ကိုချင်း စစ်ခင်းနေရတာတွေ၊ အခွင့်အရေးတန်းတူညီမျှမှုမရှိတာတွေ စိတ်ဝမ်းကွဲပြားမှုတွေ အပြန်အလှန်သံသယတွေနဲ့ မငြိမ်းချမ်းမှုတွေသာရှိနေမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများစွာနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုမှာ တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားပြုမှုပါဝင်မှုရှိမှသာ ပြည့်စုံလုံလောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ထဲမှာရှိတဲ့အစုအဖွဲ့အားလုံး ပါဝင်နိုင်ရေးအတွက် ပြင်ဆင်ရေးပူးပေါင်းကော်မတီကို ပြည်ထောင်စု လွှတ်တော်ဥပဒေ၊ နည်းဥပဒေများအရ ဖွဲ့စည်းပြီး ဆောင်ရွက်ခြင်းဖြစ်တဲ့အပြင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈(ဃ) အရ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုပြီး ဆောင်ရွက်ခြင်းဖြစ်တဲ့အတွက် ကော်မတီမှ တင်သွင်းလာတဲ့ အစီရင်ခံစာပေါ်မှာ အလေးအနက်ထောက်ခံကြောင်း တင်ပြလိုပါတယ်။

**ဒေါ်ထုမေ**
အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်၊
ရခိုင်ပြည်နယ်မဲဆန္ဒနယ်
အမှတ်(၁၁)


ဓာတ်ပုံ-Pyidaungsu Hluttaw

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့လိုအပ်ကြောင်း အကြွင်းမဲ့လက်ခံရမယ်

ကျွန်မတို့နိုင်ငံက လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ လိုအပ်ကြောင်း အကြွင်းမဲ့လက်ခံရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ လွှတ်တော်၊ အစိုးရနဲ့တပ်မတော်အားလုံးဟာ ဒီမိုကရေစီစနစ်အောက်မှာ ပြည်သူရဲ့ဆန္ဒနဲ့ လိုလားချက်ကို ဦးထိပ်ပန်ဆင်ရမှာဖြစ်ပါတယ်။

## ပြင်ဆင်ဖို့ခက်ခဲနေရင် ပြည်တွင်းစစ်ထဲသံသရာလည်ပြီး ကမ္ဘာမှာ မျက်နှာပန်းမလှဘဲ ဖြစ်နေမယ်

ကျွန်မတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်နိုင်ငံအဖြစ် တည်ဆောက်ဖို့ဆိုရင် နိုင်ငံရဲ့မိခင်ဥပဒေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီစံနှုန်းပြည့်ဝပြီး ဖက်ဒရယ်အစစ်အမှန်ကို ဖော်ဆောင်နိုင်တဲ့ အခြေခံဥပဒေကို မဖြစ်မနေဆောင်ရွက်ရပါမယ်။ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး၊ တိုင်းရင်းသားတန်းတူရေး စတာတွေအကောင်အထည်ဖော်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဟာ လက်တွေ့မကျဘဲ တရားမျှတစွာပြင်ဆင်လို့မရပဲ ခက်ခဲနေမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ ဖွံ့ဖြိုးမှုအားနည်းတဲ့၊ ပြည်တွင်းစစ်ထဲမှာ သံသရာလည်ပြီး ကမ္ဘာမှာ မျက်နှာပန်းမလှဘဲ မျက်နှာဆက်ငယ်ရဦးမှာဖြစ်ပါတယ်။

## အခြေခံဥပဒအသစ် ပြန်လည်ရေးဆွဲတာက ပိုကောင်းမွန်တဲ့နည်းလမ်းဖြစ်မလား လိုအပ်ရင် သုံးသပ်ရမယ်

ပထမအကြိမ်လွှတ်တော်သက်တမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ ကြိုးစားပေမယ့် ပြည်သူများလိုလားတောင့်တတဲ့ ပြင်ဆင်မှုမျိုးအတိုင်းအတာတစ်ခုကို မရောက်ခဲ့တာအားလုံးအသိပဲ ဖြစ်ပါတယ်။ အခု ဒုတိယအကြိမ်လွှတ်တော်သက်တမ်းရဲ့ နောက်ဆုံး အပိုင်းအခြားမှာ ပြည်သူကပေးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတာဝန်ကို ကျွန်မတို့ပြည်ထောင်စုလွှတ်တော်ရဲ့ ပခုံးထက်ကိုရောက်ရှိလို့နေတာ ဖြစ်ပါတယ်။ ဒါကို ကျွန်မတို့က ပြည်သူတွေကိုချွေးသိပ်ပြီး အိမ်ကိုပြန်မှာလား၊ ပြည်သူခိုင်းတဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး အိမ်ကိုပြန်ကြမှာလားဆိုတာပါပဲ။ ကျွန်မတို့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နောင်လာမယ့် မျိုးဆက်သစ်တွေကို အပြည့်အဝအကာအကွယ်ပေးနိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို မဖြစ်မနေရေးဆွဲရမှာဖြစ်ပါတယ်။ နိုင်ငံရဲ့အခြေခံမူများအနက် နိုင်ငံနှင့်တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူတဲ့ လောကပါလတရားထွန်းကားရေးအတွက် လွှတ်တော်တွင်းမှာ အခြေခံဥပဒေပြင်ဆင်ဖို့ အဓိကထားကြိုးပမ်းနေကြတာ ဖြစ်ပါတယ်။ တကယ်လို့ အခြေခံဥပဒေပြင်ဆင်ရေးနည်းလမ်းဟာ နိုင်ငံတော်ရဲ့အခြေခံမူကို အပြည့်အဝ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့ အာမခံချက်မပေးနိုင်ဘူးဆိုရင် အခြေခံဥပဒေအသစ်ပြန်လည်ရေးဆွဲခြင်းဟာ ပိုကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်မလားဆိုတာကို ကျွန်မတို့ပြည်ထောင်စုလွှတ်တော်အနေနဲ့ လိုအပ်ရင်သုံးသပ်ရမှာ ဖြစ်ပါတယ်။ သွားဖို့လမ်းရှိပေမယ့် ဒီလမ်းက ပန်းတိုင်ကို မရောက်နိုင်ရင် လမ်းသစ်ဖောက်ပြီး သွားသင့်ရင်သွားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခေါင်းဆောင်များအကြား နိုင်ငံရေးအရ ညှိနှိုင်းမှုများဆောင်ရွက်ဖို့ကိုလည်း ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်က တိုက်တွန်းသင့်ပါတယ်။

**ဒေါ်လွီးဇာ**
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၆)


ဓာတ်ပုံ-Pyidaungsu Hluttaw

### အစီရင်ခံစာကို တခဲနက်ထောက်ခံအတည်ပြုပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ထူထောင်ကြပါစို့

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့အသက်သွေးကြောဖြစ်ပြီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးသုံးရပ်နဲ့ တည်ဆောက်ထားတဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အပြန်အလှန်သက်ဝင်ယုံကြည်လေးစား လိုက်နာကျင့်သုံးရမယ့်အပြင် ပြည်သူတွေရဲ့ ကိုယ်စားပြုမှုပါဝင်ရေးဟာ အလွန်အင်မတန် အရေးကြီးပါတယ်။ နှစ်ပေါင်း (၆၀) ကျော် ကျွန်မတို့ တိုင်းရင်းသားပြည်သူတွေ နှုတ်ဆိတ်နေခဲ့ရတဲ့အသံတွေကို ပြည်ထောင်စုလွှတ်တော်ကတဆင့် တင်ပြခွင့်ရခဲ့ပါပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာကို ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ကြီးက တစ်ခဲနက်ထောက်ခံအတည်ပြုပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တညီတညွတ်တည်း ထူထောင်တည်ဆောက်ကြပါစို့လို့ အလေးအနက် တင်ပြ အပ်ပါတယ်။

---


ဓာတ်ပုံ-Pyidaungsu Hluttaw

**ဒေါ်နန်းနီနီအေး**
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊
ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)

### ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဟာ လွယ်လွယ်နဲ့ဖြစ်ပေါ်လာတာမဟုတ်

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဟာ လွယ်လွယ်နဲ့ဖြစ်ပေါ်လာတာမဟုတ်ဘဲ နှစ်ပေါင်း (၁၆) နှစ် အချိန်ယူပြီး ညှိနှိုင်းရေးဆွဲခဲ့ရတာဖြစ်ပါတယ်။ ပါတီစုံစနစ်ကိုကူးပြောင်းပေးခဲ့တဲ့ ပထမအကြိမ်လွှတ်တော်၊ ပထမအကြိမ်အစိုးရတို့ဟာ ငါးနှစ်သက်တမ်းကုန်ဆုံးသည်အထိ ဒီအခြေခံဥပဒေနဲ့ပဲ အခက်အခဲမရှိ တိုင်းပြည်ကို ပြုပြင်ပြောင်းလဲခဲ့တာဖြစ်ပြီး ဒုတိယအကြိမ်တက်လာတဲ့ လွှတ်တော်၊ အစိုးရအတွက် အခက်အခဲရှိလို့ပြင်ချင်ရင်တော့ ဥပဒေဟာ ဥပဒေအားလုံးရဲ့မြစ်ဖျားခံရာ ပင်မဥပဒေဖြစ်တဲ့အတွက် ဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပြင်ဖို့လိုကြောင်း ဆွေးနွေးလိုပါတယ်။ ပြင်ချင်တာတွေကို (၄၅) ဦးကော်မတီဖွဲ့ပြီး ဆောင်ရွက်မယ်ဆိုရင်တော့ လွှတ်တော်တစ်ခုတည်းအင်အားနဲ့ မသင့်တော်တာကြောင့် အစီရင်ခံစာ အပုဒ် ၂၃ မှာပါတဲ့ ဥပဒေမူကြမ်းတစ်ရပ် ရေးဆွဲဆောင်ရွက်ရန်အတွက် ဖော်ပြပါပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအပြင် NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့အစည်းတွေအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး ကျေနပ်လက်ခံနိုင်မယ့် ပြင်ဆင်ချက်အမှန်ကို ဖော်ထုတ်ပြီးချိန်ရောက်မှသာ ဥပဒေမူကြမ်းတစ်ရပ် ပြုစုရေးဆွဲဆောင်ရွက်ဖို့ ဆွေးနွေးလိုပါတယ်။

### အစီရင်ခံစာဟာ ဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်ခဲ့တယ်

ဖက်ဒရယ်ပြည်ထောင်စုပဲဖြစ်ဖြစ်၊ တစ်ပြည်ထောင်စနစ်ပဲဖြစ်ဖြစ် အခြေခံသဘောတရားကတော့ ဗဟိုအစိုးရနဲ့ ဒေသအစိုးရတို့ကြား လုပ်ပိုင်ခွင့်အာဏာကို ခွဲဝေကျင့်သုံးခြင်းပဲဖြစ်ပါတယ်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို လေ့လာမယ်ဆိုရင် အာဏာသုံးရပ်ရှိသလို တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာလည်း ဒီအာဏာသုံးရပ်ကို ခွဲဝေထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဆိုပြီး ကိုယ့်ဒေသကို ကိုယ့်တိုင်းရင်းသားတွေ ကိုယ်တိုင်အုပ်ချုပ်နိုင်အောင် ဦးစီးအဖွဲ့တွေ ဖွဲ့ပေးပြီး အုပ်ချုပ်မှုအခွင့်အာဏာကို ခွဲဝေပေးထားတာ တွေ့ရမှာဖြစ်ပါတယ်။ အာဏာကို ခုလိုပေးထားခြင်းဟာ ဖက်ဒရယ်စနစ်ကို အခြေခံထားပြီလို့ ပြောလို့ရပါတယ်။ နိုင်ငံသားအခွင့်အရေးနဲ့ပတ်သက်ပြီး လွတ်လပ်စွာကိုးကွယ်ခွင့်၊ ကျား-မတန်းတူရှိခွင့်၊ ဥပဒေအရာမှာ တန်းတူအခွင့်အရေး ရရှိခွင့်၊ လွတ်လပ်စွာ ပြောဆိုရေးသားထုတ်ဝေခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးစီတန်းလှည့်လည်ခွင့် စတဲ့အခွင့်အရေးများအပြင် မိမိတင်မြှောက်ထားတဲ့ကိုယ်စားလှယ်ကို ပြန်လည်ဖြုတ်ချခွင့်ဆိုပြီး ဥပဒေကပေးထားပါတယ်။ ဒီအခွင့်အရေးတွေကို ပြည်သူတွေ တကယ်မရဘူးဆိုရင် အဲ့ဒီဥပဒေကို ကိုင်တွယ်ကျင့်သုံးနေတဲ့သူတွေက မပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့ အစီရင်ခံစာဟာ ဥပဒေကို ကျော်လွန်ပြီး ဆောင်ရွက်ခဲ့တာဖြစ်လို့ ကန့်ကွက်ပါကြောင်း တင်ပြအပ်ပါတယ်။

# လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကြောင့် ကျား-မ မရွေး အန္တရာယ်ဖြစ်နိုင်ချေရှိ

ဩဂုတ် ၁၅၊ ၂၀၁၉

လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုကြောင့် ကျား-မ အသက်အရွယ်မရွေး ဝန်ထမ်းအားလုံးတွင် အန္တရာယ်ဖြစ်နိုင်ချေရှိသည်ဟု "လေးစားမှုရှိသည့် လုပ်ငန်းခွင်များ" အစီရင်ခံစာအရ သိရသည်။

ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် လုပ်ငန်းခွင်နိုင်ထက်စီးနင်းပြုလုပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းများအား ရှာဖွေဖော်ထုတ်ပြီး ဖြစ်နိုင်သည့် ဆုံးရှုံးနစ်နာမှုများအား လေ့လာခဲ့ခြင်းဖြစ်သည်။ လေ့လာတွေ့ရှိချက်အရ ၁၅% သော ဝန်ထမ်းများသည် ကိုယ်တိုင်လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းများ ကြုံတွေ့ခံစားခဲ့ရပြီး ၂၁% သော ဝန်ထမ်းများမှာ အခြားသူ တစ်ဦးတစ်ယောက် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုခံရသည်ကို မျက်မြင်တွေ့ရှိခဲ့သည်ဟု သိရသည်။ ကြုံတွေ့လေ့ရှိသည့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းများမှာ ရုပ်ပိုင်းဆိုင်ရာ ပုံပန်းသဏ္ဌာန်ကို လှောင်ပြောင်ကဲ့ရဲ့ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြောင်းအရာများအား ဟာသပြောကြားခြင်းနှင့် မသင့်လျော်သည့် ပွေ့ဖက်ခြင်းများ ဖြစ်ကြသည်။ ဝန်ထမ်းအများစုသည် လုပ်ငန်းခွင်မှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်းများကို ပြဿနာတစ်ခုအဖြစ် အသိအမှတ်ပြုသော်လည်း ယင်းအပြုအမူများကို ပုံမှန်ကဲ့သို့ မှတ်ယူကြသည်ဟု အစီရင်ခံစာအရ သိရသည်။

အမျိုးသားနှင့် အမျိုးသမီးနှစ်မျိုးလုံးသည် လုပ်ငန်းခွင်နိုင်ထက်စီးနင်းပြုလုပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ခြင်းများ ကြုံတွေ့ရသော်လည်း အတွေ့အကြုံပိုင်းမှာ ကွဲပြားခြားနားသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ အမျိုးသမီးများသည် အမျိုးသားများထက် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများ ပို၍ကြုံတွေ့ကြရပြီး နိုင်ထက်စီးနင်းပြုလုပ်ခြင်းတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ကြုံတွေ့ကြရသည်။ နိုင်ထက်စီးနင်းပြုလုပ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာထိပါး နှောင့်ယှက်ခြင်းများကြောင့် လုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအား ၁၄%ခန့် နှစ်စဉ်ဆုံးရှုံးနေသည်ဟု အစီရင်ခံစာအရ သိရသည်။


အကြီးတန်းစီမံခန့်ခွဲမှု၊ လူ့စွမ်းအားအရင်းအမြစ်ဌာန မန်နေဂျာများနှင့် ဝန်ထမ်းများသည် မြန်မာ့လုပ်ငန်းခွင်များတွင် လေးစားမှုရှိသည့် လုပ်ငန်းခွင်အလေ့အထများ ဖြစ်လာစေရေးအတွက် အဓိကအရေးပါကြသည်ဟု အစီရင်ခံစာက အကြံပြုထားသည်။ နိုင်ထက်စီးနင်းပြုလုပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်းအပေါ် လူမှုရေးသဘောထားများ ပြောင်းလဲစေရန်အတွက် စီးပွားရေးလုပ်ငန်းများသည် အခြားအဖွဲ့အစည်းများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်သည့် ကြိုးစားအားထုတ်မှုများလိုအပ်သည်ဟု သိရသည်။




ယင်းအစီရင်ခံစာကို အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (International Finance Corporation) နှင့် ဓနအဖွဲ့အစည်း (DaNa Facility) တို့မှ ပူးပေါင်းလေ့လာခြင်းဖြစ်ပြီး လယ်ယာစီးပွားရေး၊ ငွေရေးကြေးရေး၊ လက်လီရောင်းဝယ်ရေးနှင့် ခရီးသွားလုပ်ငန်းများရှိ ဝန်ထမ်းပေါင်း (၉၅၆) ဦးကို မေးမြန်း၍ သုတေသနပြုလုပ်ထားခြင်းဖြစ်သည်။

**ရွှေလေး**

# သမ္မာကျမ်းစာကို ဖေးမီးနစ်ရှုထောင့်ဖြင့် ဖတ်ရှုလေ့လာခြင်း




**ဇွန် ၂၄၊ ၂၀၁၉**

"အာဗြဟံ၏ဘုရားမှ ဟာဂရ၏ ဘုရားသို့" (သမ္မာကျမ်းစာကို ဖေးမီးနစ်ရှုထောင့်ဖြင့် ဖတ်ရှုလေ့လာခြင်း) ဆိုသည့်စာအုပ်ကို ချင်းအမျိုးသမီးများအဖွဲ့ (Ninu) က ထုတ်ဝေခဲ့သည်။ အမျိုးသမီးများအား ဖိနှိပ်ခွဲခြားထားသည့် ကျားပဓာန (patriarchy) စနစ်ကျင့်သုံးသော လူမှုအဖွဲ့အစည်းထဲတွင် ထိုစနစ်၏ ဩဇာလွှမ်းမိုးခြင်းခံရသော ယောကျ်ားများက ကျမ်းစာများကို ရေးသားခဲ့ခြင်းဖြစ်သည်ကို သတိပြုမိသည့်အတွက် ဘုရားသခင်၏ အလိုတော်အမှန်ကို သိရှိနိုင်ရန် ပြန်လည်အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်ဟု စာအုပ်၏ရည်ရွယ်ချက်ကို ရှေ့မျက်နှာစာတွင် ရေးသားထားသည်။ ချင်းခရစ်ယာန်အသိုင်းအဝိုင်းအတွင်း ကျား-မ ရေးရာနှင့်ပတ်သက်သည့် သင်တန်းနှင့် ဆွေးနွေးပွဲများတွင် ကျမ်းချက်အချို့ကို အခြေခံပြီး ယောကျ်ားနှင့်မိန်းမတို့သည် ဘယ်တော့မှ တန်းတူမဖြစ်နိုင်ကြောင်း ပြန်လှန်ဆွေးနွေးမှုများ ကြုံတွေ့ရသည့်အတွက် ယခုစာအုပ်ကို စီစဉ်ထုတ်ဝေရခြင်း ဖြစ်သည်ဟု သိရသည်။

ယင်းစာအုပ်တွင် သိက္ခာတော်ရဆရာ၊ ဆရာမများအပါအဝင် ဆောင်းပါးရှင်များ ပါဝင်ရေးသားထားသည့် ဆောင်းပါးအပုဒ် (၂၀) ပါရှိသည်။ လူကိုဖန်ဆင်းခြင်း (ကမ္ဘာဦးကျမ်း ၁ နှင့် ၂)ကို စတင်ဖော်ပြထားပြီး သမ္မာကျမ်းစာများကို ကိုးကားထောက်ရှု၍ ဘုရားသခင်၏အလိုတော် အမှန်ကို သိရှိစေရန် ရေးသားထားသည်။

ဆောင်းပါးရှင် ဆရာမ တီလ်လိုယန်း၏ "ခေါင်းဖုံးခြင်းနှင့်ပတ်သက်သည့် ရှင်ပေါလု၏ သွန်သင်ချက်များ" ဆောင်းပါးတွင် ယခုလိုရေးသားထားသည်။ "ချင်းလူမျိုးများအကြားတွင် မိသားစုမှစတင်၍ အသင်းတော်များတွင် ကျမ်းစာကို သေချာဝေဖန်ဆန်းစစ်ခြင်းမပြုဘဲ လိုက်နာကျင့်သုံးခြင်းသည် ပြဿနာတစ်ခုဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများကို တန်ဖိုးထားကြပြီး ကျား-မ တန်းတူ အခွင့်အရေးများ ရှိလာနိုင်စေရန် အတွက်ကျမ်းစာကိုအမျိုးသမီးများရှုထောင့်မှ ဖတ်ရှုပြီး ပြန်လည် အနက်ဖွင့်သတ်မှတ်ရန် လိုအပ်သည်။"ဟု ထောက်ပြရေးသားထားသည်။

ဆောင်းပါးရှင် ဆရာမ တွန်ဘောရ်၏ "ဘုရား၏ပုံသဏ္ဍာန်တော်ကို ဆောင်ထားသော အမျိုးသမီးများ" ဆောင်းပါးတွင်လည်း "အမျိုးသမီးများအနေဖြင့် ကျွန်မတို့၏ ဖြစ်တည်မှုအမှန်ဖြစ်သည့် "ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ယောကျ်ားများနှင့်တန်းတူ ဖန်ဆင်းထားသည့် လူများ"အဖြစ် မိမိကိုယ်ကို အရင်လက်ခံကျင့်သုံးနိုင်မှသာ ကျွန်မတို့၏ပတ်ဝန်းကျင်တွင် လက်တွေ့ပြောင်းလဲမှုများကို ဖော်ဆောင်လာနိုင်ကြမည် ဖြစ်သည်။"ဟု ရေးသားထားသည်။

ဤစာအုပ်သည် ချင်းလူမှုအသိုင်းအဝိုင်းများတွင် လူလူချင်းခွဲခြားဖိနှိပ်မှုများ လျော့နည်းလာပြီး လူမှုတရားမျှတမှု ရှိလာစေရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ထားကြောင်း စာအုပ်၏ကျေးဇူးတင်လွှာတွင် ရေးသားထားသည်။ စာအုပ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖြန့်ချိခြင်းဖြစ်သည်။ ချင်းအမျိုးသမီးများအဖွဲ့ (Ninu) သည် ရန်ကုန်မြို့တွင်နေထိုင်သည့် ချင်းအမျိုးသမီးများမှ မြန်မာနိုင်ငံရှိ ချင်းလူမှုအသိုင်းအဝိုင်းများတွင် ကျား-မ တန်းတူအခွင့်အရေးများရှိလာစေရန်နှင့် အမျိုးသမီးများ၏ စွမ်းရည်များမြှင့်တင်ပေးရန် ရည်ရွယ်ပြီး ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**ရွှေလေး**




## ကမ္ဘာကျော်တို့ရဲ့ ပြောစကား

"အမျိုးသမီးတစ်ယောက်ရဲ့အောင်မြင်မှုက တခြားအမျိုးသမီးတွေ အောင်မြင်မှုရရှိဖို့ အကူအညီပေးနိုင်မယ်လို့ ကျွန်မအမြဲတမ်းယုံကြည်တယ်"

------ Gloria Vanderbilt (American artist, Author) (1924-2019)

# မြန်မာ့နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု သုတေသန ၂၀၂၀ အကုန်တွင် ထွက်ရှိမည်

**ဇူလိုင် ၁၇၊ ၂၀၁၉**

မြန်မာ့နိုင်ငံရေးမှာ အမျိုးသမီးများပါဝင်မှုနှင့်ပတ်သက်သည့် သုတေသနတစ်ခု ၂၀၂၀ အကုန်ပိုင်းတွင် ထွက်ရှိရန်ရှိသည်ဟု ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း (EMReF) မှ သိရပါသည်။

EMReF မှ အကြီးတန်းစီမံကိန်း မန်နေဂျာ (Senior Gender and Livelihood) ဒေါ်အေးလဲ့ထွန်းက "ဒီသုတေသနကို ကျွန်မတို့လုပ်ရတဲ့ရည်ရွယ်ချက်က အမျိုးသမီးတွေ နိုင်ငံရေးမှာပါဝင်တာ နည်းတယ်၊ ပြောရေးဆိုခွင့်မရဘူးဆိုတာတွေသည် အလွတ်သဘောပဲ ပြောနေရတယ်။ တကယ်တမ်း ပေါ်လစီအပြောင်းအလဲတစ်ခုခုဖြစ်ဖို့ ကျွန်မတို့မှာ သက်သေသာဓက ခိုင်မာဖို့လိုတယ်၊ အထောက်အထားအခြေပြုတဲ့ သုတေသနအချက်အလက်တွေ လိုအပ်တယ်။ အဲ့ဒီအတွက် ကျွန်မတို့လုပ်ရခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

ယင်းသုတေသနကို ၂၀၁၈ ခုနှစ်က စတင်လုပ်ဆောင်နေပြီး သုတေသနကို အပိုင်း (၃) ပိုင်းခွဲ၍ လုပ်ဆောင်နေသည်ဟု ဆိုသည်။ ပထမပိုင်းတွင် နိုင်ငံရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များ၊ CEC member များကို တစ်ဦးချင်းအင်တာဗျူးများ ပြုလုပ်ပြီး ဒုတိယပိုင်းမှာတော့ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုနှင့်ပတ်သက်သည့် ရပ်ရွာလူထု၏အမြင်များကို ဒေတာကောက်သွားမှာဖြစ်သည်။ တတိယပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့နှင့် ပတ်သက်သည့် နှိုင်းယှဉ်လေ့လာသုတေသန (comparative study) တစ်ခုပြုလုပ်မှာဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည် စစ်အုပ်ချုပ်ရေးကနေ နိုင်ငံရေးကို စတင်ပြောင်းလဲခဲ့သည့်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံကဲ့သို့ မတူညီကွဲပြားသည့် တိုင်းရင်းသားလူမျိုးစုများရှိသည့်အတွက် ယင်းသို့ပြုလုပ်ရခြင်းဖြစ်သည်ဟု သိရသည်။

ဒေါ်အေးလဲ့ထွန်းက "သုတေသနက အခု ပထမအပိုင်းတော့ ပြီးသွားပါပြီ။ ပထမပိုင်းမှာ ဘာတွေ့လဲဆိုတော့ ဂျဲန်ဒါလို့ပြောလိုက်ရင် အမျိုးသမီးလို့ပဲ အဓိပ္ပာယ်ကောက်တယ်။ အမျိုးသမီးပါဝင်မှုလို့ပြောရင် အမျိုးသမီးတွေပါရင်ပြီးတာပဲ၊ အမျိုးသမီးတွေ များများထည့်ပေးလိုက်မယ်လို့ ဒီလိုပဲ သဘောပေါက်ထားကြတယ်။ အမျိုးသမီးတွေ ပြောရေးဆိုခွင့်နဲ့ ပတ်သက်တဲ့အခါမှာတော့ စဉ်းစားမှုနည်းတာ တွေ့ရတယ်" ဟု ဆိုသည်။

သုတေသန၏ ဒုတိယပိုင်းဖြစ်သည့် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှုနှင့် ပတ်သက်သည့် ရပ်ရွာလူထု၏အမြင်များကို ယခုနှစ်စက်တင်ဘာလတွင် ဒေတာစတင်ကောက်ယူသွားမည်ဟု သိရသည်။

**ရွှေလေး**

## လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ တယ်လီဖုန်းမှတစ်ဆင့် (၂၄) နာရီ တိုင်ကြားနိုင်

အမျိုးသမီးနှင့်ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပေါ်ပါက (သို့မဟုတ်) သံသယရှိပါက ဆက်သွယ်တိုင်ကြားနိုင်မည့် ဖုန်းနံပါတ်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။ ဖုန်းနံပါတ် ၀၆၇ ၃၄၀၄၂၂၂၊ ၀၆၇ ၃၄၀၄၉၉၉ တို့ကို (၂၄)နာရီ ဆက်သွယ်အကြောင်းကြားနိုင်သည်ဟု သိရသည်။